သမီးလေးရေ (၂)

၂၁-၂-၀၆ ညနေ ၃ နာရီ

သမီးလေးရေ

သမီး စာတမ်းဖတ်ဖို့ ပြင်ဆင်ထားတဲ့ သုတေသနစာတမ်းဖတ်ပွဲက ဒီမနက် ၉ နာရီမှာ စမယ်ဆိုလို့ မနက်က ချက်ရင်းပြုတ်ရင်း သမီးရဲ့စာတမ်းဖတ်တဲ့အစီအစဉ်တွေ အားလုံး ချောမောပါစေလို့ မေတ္တာပို့နေပါတယ်။ သမီးက အစီအစဉ် အမှတ် (၂) ဆိုတော့ ၁၁ နာရီလောက်ဆိုရင် ပြီးမယ်လို့ တွက်မိတယ်။ Question Shoot လုပ်တဲ့သူတွေ ဘယ်လောက် များသလဲ။ သမီးစိတ်တိုင်းကျ ဖြေနိုင်ရဲ့မဟုတ်လား။

ဖေနဲ့မေတို့က ပညာရေးနယ်ပယ်ကသူတွေဆိုတော့ သမီးတို့မောင်နှမ ငယ်ငယ်ကတည်းက ပညာရဲ့တန်ဖိုးကိုသိအောင်၊ ပညာလိုချင်စိတ်ရှိအောင် လေ့ကျင့်ပေးခဲ့တဲ့အတွက် မေတို့မျှော်မှန်းခဲ့တဲ့အတိုင်း မောင်နှမနှစ်ယောက်လုံး သူများတွေအားကျလောက်အောင် ပညာထူးချွန်ခဲ့ကြတာမို့ အထူးဂုဏ်ယူမိတာနဲ့အမျှ ကျေးဇူးလည်းတင်နေမိပါတယ်။

မေတို့က ကျေးဇူးတင်ရတယ်ရယ်လို့မေရယ်လို့ မပြောနဲ့အုံးသမီးရေ။ သားသမီးရယ်လို့မွေးထားပြီးမှ မလိမ္မာကြရင်လည်း ပစ်နိုင်ကြတာမဟုတ်လို့ ဖြစ်သမျှနဲ့ပဲ သည်းခံနေရတဲ့မိဘတွေကို မြင်တွေ့ရတိုင်း မေ့သားနဲ့သမီးကို မေက ကျေးဇူးတင်နေမိတာနော်။

ပြန်စဉ်းစားကြည့်တော့ သမီးတို့ မောင်နှမငယ်ငယ်ကစပြီး အခုလို ဘွဲ့လွန်တွေရတဲ့အထိ ပညာတွေ သင်ခဲ့ကြတဲ့အပြင်၊ ကိုယ်သင်ထားတဲ့ပညာနဲ့ပဲ လုပ်ငန်းခွင်ဝင်နိုင်ခဲ့တဲ့အရွယ်ကို ရောက်တဲ့အထိ ကလေးငယ်ဘဝ၊ ကျောင်းသားဘဝ၊ လုပ်ငန်းခွင်ဝင်တဲ့ဘဝ စသဖြင့် အသက်အရွယ်အလျောက် ပြုစုခဲ့ရတာတွေရှိပေမဲ့ ပင်ပန်းလှတယ်မရှိခဲ့ပါဘူး။ ကိုယ်တွေ က အသက်ငယ်ကြသေးလို့ အပင်ပန်းခံနိုင်တာလဲပါမှာပေါ့။ အဓိကကတော့ စိတ်ပါပဲ။ မေ့စိတ်ထဲမှာ သားတို့ သမီးတို့အတွက် ဘာပဲလုပ်ပေးရပေးရ ပင်ပန်းတယ်မထင်ခဲ့မိဘူး။ ပုဇွန်တစ်မျိုးတည်းကိုပဲ သားက ချက်တာစားချင်ပြီး သမီးက ကြော်တာမှ စားချင်တယ် ဆိုလည်း မေကတော့ နှစ်မျိုးလုံး လုပ်ပေးလိုက်ထာပဲ။ မေက အလုပ်နည်းနည်းပိုတာထက် စိတ်ချမ်းသာတာက တန်ဖိုးပိုကြီးတယ်လို့ ထင်တဲ့သူကိုး။

မေတို့ အိမ်ထောင်ကျခါစက အန်တီကြီးတစ်ယောက်ပြောခဲ့တဲ့စကားကို ပြောပြရအုံးမယ်။ သားသမီးကို မိဘတွေရဲ့ချစ်ခြင်းနဲ့ထိမ်းတာ အကောင်းဆုံးနည်းပဲတဲ့။ သဘောကျလွန်းလို့ စိတ်ထဲမှာ အမြဲစွဲနေသလို တကယ်လည်းလိုက်နာခဲ့ပါတယ်။ မိဘတွေရဲ့ နူးညံ့သိမ်မွေ့လှတဲ့ ချစ်ခြင်းမေတ္တာကြောင့် ကိုယ်အမူအယာ နှုတ်အမူအယာတွေ သိမ်မွေ့ပြီး အရည်အချင်းရှိတဲ့ သားသမီးတွေ ဖြစ်တည်လာရတယ်လို့ မေကတော့ ယုံကြည်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com

သမီးလေးကိုယ်တိုင် မိခင်ဖြစ်လာတဲ့တစ်နေ့ရောက်ရင် သမီးတို့ထက်လိမ္မာပြီး သမီးတို့ထက်ပိုတော်တဲ့ သားသမီးတွေဖြစ်အောင် သမီးကြိုးစားရအုံးမှာဆိုတာကိုလည်း ပြောချင်ပါတယ်။လိမ္မာတယ် တော်တယ်ဆိုတာတွေက ကံတရားတွေနဲ့လည်း ဆိုင်မှာပါ။ ဘာပဲဖြစ်ဖြစ် မေကတော့ မကြိုးစားဘဲထားတာနဲ့စာရင် ကြိုးစားတာက အကျိုးများနိုင်တယ်လို့ ယုံကြည်မိတယ်။

မေတို့ငယ်ငယ်ကဆိုရင် မောင်နှမတွေကလည်းများ၊ မိဘတွေခမျာ သားသမီးတွေ စားဝတ်နေရေး၊ ပညာရေးစတဲ့လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းနိုင်အောင် လုံးပမ်းနေကြရတာနဲ့ သားသမီးတွေ အတွက် သိပ်အချိန်ပေးနိုင်ကြတာ မဟုတ်ကြပါဘူး။ ကိုယ့်အသိစိတ်ဓါတ်နဲ့ ကိုယ်ကြိုးစားခဲ့ကြရတာပါ။

မေငယ်ငယ်က သဘောကျလွန်းလို့ မှတ်ထားခဲ့ပြီး အခုထိ စွဲစွဲမြဲမြဲမှတ်မိနေတဲ့ စာလေးတစ်ကြောင်းရှိတယ်။ "Brighten the corner where you are" တဲ့။ မေ့ အတွက်တော့ ဒီစာကြောင်းလေးက လမ်းပြကြယ်ကလေးလိုပါပဲ။ များများစားစားကြီး မစွမ်းဆောင်နိုင်ရင်တောင်မှ ကိုယ်နေတဲ့နေရာလေးအတွက် အလင်းရောင်ပေးနိုင်တဲ့သူ ဖြစ်ရမယ်ဆိုတဲ့စိတ်နဲ့ မေ့ဘဝကို ကြိုးစားတည်ဆောက်ခဲ့တာပဲ။ ဒါကြောင့်လည်း မိဘတွေ အားကိုးရတဲ့သမီးဖြစ်ခဲ့တယ်။ အလုပ်လုပ်တော့လည်း အလုပ်တာဝန်နဲ့ပတ်သက်ရင် စိတ်ချရတယ် ဆိုတဲ့သူဖြစ်အောင် ကြိုးစားနိုင်ခဲ့တယ်။ အိမ်ထောင်ကျတော့လည်း အိမ်ထောင်တာဝန် သားသမီးတာဝန်တွေ မလစ်ဟင်းစေရအောင် တည်ဆောက်နိုင်ခဲ့တယ်။ အခုအချိန်ထိလည်း ကိုယ်တတ်နိုင်တဲ့ဘက်က တစ်ယောက်ယောက်အတွက် တစ်ခုခုလုပ်ပေးနိုင်အောင် ကြိုးစား နေဆဲပါပဲ။

သမီးတို့က ငယ်သေးတော့ အလုပ်လုပ်နိုင်စွမ်းတွေ အလုပ်လုပ်ဖို့အချိန်တွေ အများကြီးရှိသေးတယ်လေ။ သမီးတို့ကိုငယ်ငယ်ကလို ပြုစုနေဘို့မလိုတော့ပေမဲ့ သမီးတို့ရဲ့ကြိုးစားလုပ်ဆောင်ချက်တွေကိုဂုဏ်ပြုပြီး ဆက်လက်ကြိုးစားဖြစ်အောင် အားပေးတဲ့ အလုပ်တွေကိုတော့ လုပ်ပေးနေချင်သေးတယ်နော်။

လွမ်းနေတဲ့ ချစ်မေမေ။

မိုး (ပျဉ်းမနား)

www.burmeseclassic.com